# မာတိကာ

-စကားဦး က

၁။ ချင်သမိုင်း

– ချင်အစ ၁
– ချင်ဥသျှောင် နှစ်ဆယ့်ရှစ်ပါး ၅
– ဗောဓိဓမ္မ ၇
– ဗောဓိဓမ္မ၏စာ ၁၀
– ချုကွမ်နှင့် ပိကွမ် ၁၉
– ချင်နှင့်နီးစပ်သော သုတ္တန်များ ၂၂
– ဗောဓိဓမ္မ၏ နောက်ပိုင်းဘ၀ ၂၄
– ချင်ဒုတိယဥသျှောင် ၂၈
– ဟိကီ၏တရား ၃၁
– တတိယချင်ဥသျှောင် ၃၃
– စတုတ္ထချင်ဥသျှောင် ၃၅
– ပဥ္စမချင်ဥသျှောင် ၃၇
– ဆဋ္ဌမချင်ဥသျှောင် အရိုက်အရာ ၃၉
– ဆဋ္ဌမချင်ဥသျှောင် ၄၃
– တောင်ပိုင်းဂိုဏ်းနှင့် မြောက်ပိုင်းဂိုဏ်း ၄၇
– ဟိနင်၏တရား ၅၁
– ဂျပန် ချင်ဗုဒ္ဓဘာသာ ၅၄
– အိဆိုက် ၅၇
– ဒိုဂျင် ၅၉

၂။ ချင်၏ ဝိသေသလက္ခဏာ

– တရားအမှန်သည် ကျမ်းဂန်၏အပြင်ဘက်၌ရှိခြင်း ၇၁
– စာပေကျမ်းဂန်များပေါ်၌ အမှီပြုမနေခြင်း ၇၃
– မိမိ၏စိတ်နှလုံးကို တိုက်ရိုက်ညွှန်ပြခြင်း ၇၆
– မိမိ၏သဘာ၀ကို ရှုမြင်သုံးသပ်ခြင်းအားဖြင့်သာလျှင် ဗုဒ္ဓအဖြစ်ကို ရရှိနိုင်ခြင်း ၇၇

၃။ ကိုအန်နှင့် ဇာချင်

– ကိုအန် ၈၂
– ဇာချင် ၈၈
၄။ ဆာတိုရီ ၁၀၈

❒

# စကားဦး

'ချင်'သည် ဂျပန်စကားဖြစ်သည်။ တရုတ်လို 'ချန်' ဟုခေါ်သည်။ ချင်ဟူသော ဂျပန်စကားလုံးသည်လည်းကောင်း၊ ချန်ဟူသော တရုတ် စကားလုံးသည်လည်းကောင်း၊ သက္ကတစကားလုံး 'ဈာန'ကို သို့မဟုတ် ပါဠိစကားလုံး ဈာန (ဈာန်) ကို မိမိတို့ အသံထွက်ဖြင့် အသီးသီး ခေါ်ဝေါ်သည့် စကားလုံးများဖြစ်ပေသည်။ ထို့ကြောင့် ချင်ကို ဇကွဲနှင့်မရေးဘဲ ချချိုးဆွဲနှင့် ရေးသားလိုက်ရခြင်းဖြစ်ပေသည်။ ဈာနသို့မဟုတ် ဈာန (ဈာန်)၊ သို့မဟုတ် ချင်၏အဓိပ္ပာယ်မှာ စိတ်ကိုတည်ငြိမ်မှု ရရှိအောင် အလေ့အကျင့်ပြုခြင်း ဖြစ်လေသည်။

'ချင်'၏အဓိပ္ပာယ်မှာ စိတ်နှလုံးတည်ငြိမ်မှုရအောင် အလေ့အကျင့်ပြုခြင်း အဓိပ္ပာယ်ရသော်လည်း စိတ်နှလုံး တည်ငြိမ်မှုရအောင် အလေ့အကျင့်ပြုလုပ်သော ချင်သည် ပုံစံအမျိုးမျိုး ရှိလေသည်။ တရုတ်ပြည် တန်ခေတ် (၆၁၈–၉၀၇ အေဒီ) ၌ ဆန်မီ (ဂျပန်–ရှူမစ်ဆု) သည် ချင်ကို ငါးမျိုးငါးပါး ခွဲခြားပြထားသည်။

ယင်းငါးမျိုးအနက် ပထမချင်မှာ ရိုးရိုးချင်ဖြစ်လေသည်။ ယင်းကို ဂျပန်ဘာသာဖြင့် 'ဘွန်ပူ'ဟု ခေါ်သည်။ ရိုးရိုးချင်၌ အဘိဓမ္မာအမြင်လည်း မရှိပေ။ ဘာသာတရားအခြေခံလည်း မရှိပေ။ မည်သူမဆို အားထုတ်နိုင်သည့် အလေ့အကျင့်ဖြစ်သည်။ ကိုယ်ကျန်းမာမှုနှင့် စိတ်ကျန်းမာမှု ရှိစေလိုသည့် ရည်ရွယ်ချက်သက်သက်ဖြင့် အားထုတ်သည့် အလေ့အကျင့်ဖြစ်သည်။ ရိုးရိုးချင်သည် ဆိုးကျိုးတစ်စုံတစ်ရာ မရှိသဖြင့် မည်သည့်ဘာသာတရားကို ကိုးကွယ်သူဖြစ်ဖြစ် အားထုတ်၍ရသည့် အလေ့အကျင့်ဖြစ်သည်။ မည်သည့်ဘာသာတရားကိုမှ မကိုးကွယ်သူလည်း ရိုးရိုးချင်ကို ကျင့်ကြံအားထုတ်နိုင်သည်။ ရိုးရိုးချင်သည် စိတ်၏ အနာရောဂါကို ပျောက်ကင်းစေနိုင်ပြီး ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေနိုင်သည်။

ရိုးရိုးချင်ကို လေ့ကျင့်ခြင်းအားဖြင့် မိမိ၏စိတ်ကို တည်ငြိမ်အောင် ချုပ်ကိုင်နိုင်သည်။ နီတိပညာနှင့် အဘိဓမ္မာဆိုင်ရာ ကျမ်းစာအုပ်ပေါင်း အရာအထောင်ကို ဖတ်ခြင်းထက် ရိုးရိုးချင်ကို ကျင့်ကြံအားထုတ်ခြင်းက စိတ်နှလုံးတိုးတက်မှုအတွက် ပိုမိုပြီး အကျိုးဖြစ်ထွန်းနိုင်ပေသည်။ သို့ရာတွင် ယင်းအလေ့အကျင့်သည် လူ၏အခြေခံပြဿနာကိုလည်းကောင်း၊ လူနှင့် စကြ၀ဠာ၏ဆက်သွယ်မှု အခြေခံပြဿနာကို လည်းကောင်း ဖြေရှင်းရာ၌မူ မစွမ်းဆောင်နိုင်ပေ။

ဒုတိယချင်ကား 'ဂျီဒို' ဟုခေါ်သည်။ ဂျီဒိုမှာ 'အပြင်ချင်နည်းလမ်း' ဟု အနက်အဓိပ္ပာယ်ရသည်။ ဗုဒ္ဓဘာသာအပြင်ဘက်က နည်းလမ်း၊ ဗုဒ္ဓ ဘာသာမဟုတ်သည့် နည်းလမ်းဟု ဆိုလိုသည်။ ယင်းချင်သည် အဘိဓမ္မာ ရေးရာနှင့် ပတ်သက်သည်။ ဘာသာတရားနှင့်လည်း စပ်ဆိုင်သည်။ သို့သော် ဗုဒ္ဓဘာသာကား မဟုတ်ပေ။ ဟိန္ဒူယောဂအကျင့်၊ ကွန်ဖြူးရှပ်၏ ဆိတ်ငြိမ်စွာထိုင်နည်း၊ ခရစ်ယာန်ဘာသာ၏ သမာဓိရရှိရေး အလေ့အကျင့်တို့သည် ဤဒုတိယချင် အမျိုးအစားထဲ၌ အကျုံးဝင်လေသည်။

ဒုတိယချင်၏ထူးခြားချက်တစ်ခုမှာ ရံဖန်ရံခါ တန်ခိုးဣဒ္ဓိပါဒ် အမျိုးမျိုးကို ရရှိရေးအတွက်လည်းကောင်း၊ ရိုးရိုးလူသားတို့ မစွမ်းနိုင်သည့် အတတ်ပညာများကို ရရှိရေးအတွက်လည်းကောင်း၊ ဒုတိယအမျိုးအစား ချင်ကို ကျင့်ကြံအားထုတ်ကြလေသည်။ လောကတွင် ရိုးရိုးလူတို့ မစွမ်းနိုင်သည့် တန်ခိုးဣဒ္ဓိပါဒ်မျိုးနှင့် ပြည့်စုံနေသူများကိုလည်းကောင်း၊ ရိုးရိုးလူတို့၏ အရာမဟုတ်သည့် အတတ်ပညာမျိုး တတ်ကျွမ်းနေသူများကို လည်းကောင်း တွေ့ကြရလေသည်။ ထိုပုဂ္ဂိုလ်များ၏ အစွမ်းသတ္တိမှာ စိတ်နှလုံးသမာဓိရအောင် အလေ့အကျင့်ပြုလုပ်ရာမှ ပေါ်ပေါက်လာသည့် စိတ်တန်ခိုး၏ အာနိသင်များ ဖြစ်လေသည်။

ဒုတိယအမျိုးအစားချင်၏ ရည်မှန်းချက်တစ်ခု ရှိသေးသည်။ အချို့ပုဂ္ဂိုလ်များမှာ နောင်ဘ၀တွင် နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ မွေးဖွားရန်အတွက် ရည်ရွယ်ချက်ဖြင့် ချင်အကျင့်ကို ကျင့်ကြံအားထုတ်ကြသည်။ အချို့သော ဟိန္ဒူဘာသာဂိုဏ်းဝင် ပုဂ္ဂိုလ်တို့သည် ကောင်းကင်ဘုံသို့ရောက်ရန် ချင်အကျင့်ကို ကျင့်ကြံအားထုတ်ကြသည်။ ယင်းရည်ရွယ်ချက်မှာ ချင်ဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်မဟုတ်ပေ။ ချင်ဗုဒ္ဓဘာသာ၏ရည်ရွယ်ချက်မှာ လူ့ဘ၀၌မွေးဖွားပြီး နောက်ဆုံးပိတ်၌ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိရေးအတွက် ချင်အကျင့်တရားကို ကျင့်ကြံအားထုတ်ရန်သာ ဖြစ်လေသည်။

တတိယချင်ကား 'ရှိုဂျို' ဟုခေါ်သည်။ ဟိနယာနဟု အဓိပ္ပာယ်ရသည်။ ဟိနယာန သို့မဟုတ် ထေရ၀ါဒ ဗုဒ္ဓဘာသာ ဂိုဏ်းဝင်များ ကျင့်သုံးသည့် 'ချင်' ကျင့်စဉ်ကို ချင်အမျိုးအစား ခွဲခြားသူက တတိယအမျိုးအစားထဲတွင် သွတ်သွင်းထားလေသည်။

စတုတ္ထချင်မှာ 'ဒိုက်ဂျို' ဟုခေါ်သည်။ မဟာယာန ဂိုဏ်းဝင်များ ကျင့်ကြံအားထုတ်သည့် ချင်ဖြစ်လေသည်။ ယင်းချင်၏ အဓိကရည်ရွယ်ချက်မှာ မိမိ၏အတွင်းသဘာ၀ကို ကြည့်ပြီး ဉာဏ်အလင်း သိမြင်ရရှိရေး ဖြစ်လေသည်။ ဗုဒ္ဓဘာသာသည် သစ္စာဉာဏ်အလင်း ရရှိရေးအတွက် ကြိုးပမ်းအားထုတ်သော ဘာသာတရားဖြစ်လေသည်။ ဗုဒ္ဓသည် သတ္တ၀ါအပေါင်းတို့အား ကိုယ့်သဘာ၀ကို သိမြင်သဘောပေါက်စေရန် ညွှန်ကြား ဟောပြတော်မူခဲ့လေသည်။ ဗုဒ္ဓ၏ ယင်းတရားဒေသနာတော်သည်ဆရာစဉ်ဆက်မှ တပည့်စဉ်ဆက်အထိ ဆင်းသက်လာခဲ့သည်။ ထို့ကြောင့် ဆာရီတိုခေါ် ဉာဏ်အလင်း သိမြင်သဘောပေါက်ရေးကို ဦးစားပေးသည့် ချင်မှသာလျှင် ဒိုက်ဂျိုချင် မည်ပေသည်။

ပဉ္စမချင်ကား 'ဆိုက်ဂျိုဂျိုချင်' ဟု ခေါ်သည့် အမြင့်ဆုံးချင်ဖြစ်သည်။ ယင်းချင်မှာ သကျမုနိဗုဒ္ဓနှင့် အမိတာဘဗုဒ္ဓတို့ ကျင့်ကြံအားထုတ်သည့် ချင်ဖြစ်သည်ဟု ဆိုလေသည်။

ဗုဒ္ဓဘာသာဂိုဏ်းများ မည်သို့ပင် ကွဲပြားနေစေကာမူ ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာကျင့်စဉ်၌ ဈာနခေါ် စိတ်နှလုံး တည်ငြိမ်မှုရရှိအောင် ကျင့်ကြံအားထုတ်သည့် အလေ့အကျင့်သည် အဓိကအခန်းက ပါဝင်ပေသည်။ သီလပြီးမှ သမာဓိလာသည်။ သမာဓိရရှိမှ ပညာ (အမြင့်ဆုံးအသိဉာဏ်) ရရှိသည်။ ယင်းသို့အားဖြင့် သီလနှင့်ပညာ၏အကြားတွင် စိတ်နှလုံး တည်ငြိမ်မှု သမာဓိအဆင့် ရှိနေသည်။ အကျင့်သီလ ခေါင်းပါးသူတို့သည် သမာဓိရရှိဖို့ မလွယ်ပေ။ သမာဓိမရှိသူသည် ပညာနှင့် ဝေလာဝေးသည်။ သမာဓိနှင့်ကင်း၍ ပညာမရရှိနိုင်။ ပညာနှင့်ကင်း၍လည်း သမာဓိဖြစ်မလာ။ ယင်းကျင့်စဉ်ကို ဗုဒ္ဓဘာသာဝင် အားလုံးတို့က လက်ခံနာယူကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အားလုံးသည် ဗုဒ္ဓညွှန်ပြတော် မူခဲ့သည့် သမာဓိကျင့်စဉ်ကို မိမိတို့၏ အခြေအနေအရ လိုက်နာကျင့်သုံးကြပေသည်။ သမထနှင့် ဝိပဿနာသည် ဗုဒ္ဓဘာသာဝင်တို့ ကျင့်သုံးနေကြသည့် ကျင့်စဉ်များ ဖြစ်ပေသည်။

ယင်းသို့အားဖြင့် သမာဓိကျင့်စဉ်၏ အရေးပါမှုကို ဗုဒ္ဓဘာသာဝင် အားလုံးတို့ ထိန်းသိမ်းထားကြသော်လည်း သမာဓိကျင့်စဉ်ကို အထူး ဦးစားပေးပြီး 'ချင်' ဗုဒ္ဓဘာသာဟူ၍ အမည်နာမ မှည့်ခေါ်ထားသည့် ဗုဒ္ဓဘာသာဂိုဏ်းမှာမူ ၆–ရာစုနှစ်လောက်ကမှ တရုတ်ပြည်၌ ထွန်းကားလာပြီး တရုတ်ပြည်မှ တစ်ဆင့် ဂျပန်ပြည်တွင် ပြန့်ပွားလာခဲ့လေသည်။ ယင်း ချင်ဗုဒ္ဓဘာသာဂိုဏ်း၏ မျိုးစေ့ကိုချသူမှာ အိန္ဒိယမှ တရုတ်ပြည်သို့ ရောက်သွားသော ဗောဓိဓမ္မထေရ်အရှင် ဖြစ်လေသည်။

အက္ခရာတင်ထားသော အိန္ဒိယဗုဒ္ဓဘာသာသမိုင်း၌ ချင်ဂိုဏ်းအကြောင်း တစ်စုံတစ်ရာ ရေးသားမှတ်တမ်းတင်ထားခြင်း မရှိပေ။ အသောက မင်းတရားကြီး၏ လက်ထက်အထိ ဖြစ်ပေါ်ပေါက်ဖွားလာခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းကြီး ဆယ့်ရှစ်ဂိုဏ်းများထဲတွင် လည်းကောင်း၊ နောက်ပိုင်းပေါ်ပေါက်လာသော ဗုဒ္ဓဘာသာ အဘိဓမ္မာဂိုဏ်းကြီးများထဲတွင် လည်းကောင်း၊ ချင်ဂိုဏ်း၏ အရိပ်အမြွက်မျှကိုပင် မတွေ့ရပေ။ ချင်ဂိုဏ်းကဲ့သို့ ယောဂ အကျင့်ကို ဦးစားပေးသော ယောဂါစာရဂိုဏ်းမူ ရှိခဲ့သည်။ ချင်ဂိုဏ်းဟူ၍ သီးသန့်ရှိခဲ့ကြောင်း မှတ်တမ်းတင် အထောက်အထားများကို မတွေ့ရသော်လည်း တရုတ်ချင်ဗုဒ္ဓဘာသာ အစဉ်အလာ ယူဆချက်အရမူ ချင်အစဉ်အလာသည် ဗုဒ္ဓခေတ်ကပင် အိန္ဒိယနိုင်ငံ၌ အစပြုသည်ဟု အဆိုရှိလေသည်။ သို့ရာတွင် သမိုင်းဆရာတို့ကမူ ယင်း အဆိုကို လက်မခံကြပေ။

ချင်ဗုဒ္ဓဘာသာ၌ ရည်မှန်းချက် ရရှိအောင်မြင်ရေးအတွက် ယေဘုယျအားဖြင့် နည်းလမ်းသုံးမျိုးကို အသုံးပြုကြသည်။ ပထမနည်းမှာ နံရံ ကိုကြည့်ပြီး ကမ္မဋ္ဌာန်းထိုင်သည့်နည်း ဖြစ်သည်။ ယင်းကို 'ဇာချင်'ဟု ခေါ်သည်။ ချင်ပထမဥသျှောင် ဗောဓိဓမ္မအရှင်သည် နှစ်ပေါင်းများစွာ တိတိ ယင်းကဲ့သို့ နံရံကို ကြည့်ပြီး မရပ်မနား ကမ္မဋ္ဌာန်းထိုင်သည်ဟု အဆိုရှိလေသည်။ ဒုတိယနည်းလမ်းမှာ အမေးအဖြေပြုလုပ်ခြင်းအားဖြင့် အမှန်တရားကို သိမြင်သဘောပေါက်စေသော နည်းလမ်းဖြစ်သည်။ ယင်းနည်းလမ်းကို 'မင်ဒို'ဟုခေါ်သည်။ ယင်းနည်းလမ်းအရ ဆရာလုပ်သူမေးသော ခက်ခဲသည့်မေးခွန်းကို တပည့်သည် မဆိုင်းမတွဘဲနှင့် အဖြေပေးရလေသည်။ ယင်းသို့အဖြေပေးရာ၌ တပည့်သည် တစ်စုံတစ်ခု တွေးတောကြံဆခြင်းမရှိဘဲ နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသည့် အဖြေကို ပေးရလေသည်။ တတိယနည်းလမ်းမှာ 'ကိုအန်' အလေ့အကျင့် ဖြစ်သည်။ ကိုအန်အလေ့အကျင့်၌ ဆရာကပဟေဠိကို ပေးသည်။ တပည့်က ယင်းပဟေဠိကို ဖြေရှင်းပြီး ပဟေဠိထဲ၌ ကွယ်ဝှက်နေသော လျှို့ဝှက်ချက်ကို သိအောင်လုပ်ရသည်။ ယင်းနည်းလမ်းများကို အသုံးပြုပြီးနောက် အောင်မြင်ရောက်ရှိသွားသော အဆင့်သည် 'ဆာတိုရီ' ဖြစ်လေသည်။ ဗောဓိဉာဏ်အလင်းဟု အဓိပ္ပာယ်ရလေသည်။

တရုတ်လူမျိုးတို့၏ အတွေးအခေါ်သည် အိန္ဒိယလူမျိုးတို့၏ အတွေးအခေါ်ထက် လက်တွေ့ကျသည်။ သို့ဖြစ်၍ တရုတ်ပြည်၌ လူ့ဘ၀၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ထမ်းရွက်ရင်း အတွင်းအဇ္ဈတ္တအမြင် အသိရှင်သန်ကြီးထွားရေး အတွက် အလေးအနက်ထား၍ ကြိုးစားအားထုတ်ကြလေသည်။ အစဉ်အလာ ယူဆလာခဲ့ကြသည့် ရှေးဟောင်းအယူအဆများ၏ အနှောင်အဖွဲ့မှ လူ၏စိတ်ကို လွတ်မြောက်စေရန် ချင်ဆရာတို့သည် မနေမနား ကြိုးစားအားထုတ်ခဲ့ကြသည်။

ချင်ဗုဒ္ဓဘာသာဝင်တို့သည် ဓမ္မကျမ်းဂန်များအပေါ်တွင် မှီမနေကြပေ။ အကြောင်းမူကား သူတို့သည် ဓမ္မကျမ်းဂန်များက မပေးစွမ်းနိုင်သည့် ကိုယ်ပိုင်အတွေ့အကြုံကို လိုလားသူများ ဖြစ်သောကြောင့်တည်း။ သို့ရာတွင် လင်္ကာဝတာရသုတ်ကိုမူ မိမိတို့၏ အားထားရာ အခြေခံကျမ်းဂန်အဖြစ် ထင်မြင်ယူဆကြသည်။ ၀ဇိရစ္ဆေဒိကာသုတ်ကိုလည်း အလေးအနက်ထားကြသည်။ ပညာပါရမီတာသုတ်ကိုမူ ချင်ဂိုဏ်းကျောင်းတိုက်များ၌ နေ့စဉ် နေ့တိုင်း နံနက်အချိန်တွင် ရွတ်ဖတ်သရဇ္ဈာယ်ကြသည်ဟု သိရှိရပေသည်။

ချင်ဆရာအရှင်တို့သည် စိတ်ရွှင်သူများဖြစ်ကြသည်။ မျက်မြင်လောကကို အမှုမထားကြပေ။ ဘ၀၏ အရာဝတ္ထုမှန်သမျှ သူတို့အတွက် လေးနက်သောအရာများ ဖြစ်ကြသည်။ တစ်ပြိုင်နက်တည်းမှာပင် ပျော်ရွှင်စရာများလည်း ဖြစ်နေပေသည်။ သူတို့သည် ဆင်းရဲခြင်းကို နှစ်သက်ကြသည်။ မိမိတို့အား လေးစားမြတ်နိုးမှု မပြုစေရန် မိမိတို့ကိုယ်ကို သရော်စရာပုဂ္ဂိုလ်၊ ရယ်စရာပုဂ္ဂိုလ်မျိုးဖြစ်အောင် ဖန်တီးနေတတ်ကြသည်။

ချင်ဆရာအရှင်တို့သည် မိမိတို့၏တပည့်များအား ဉာဏ်အလင်း ရရှိစေရန်အတွက် ထိုးတတ်ကြသည်။ ရိုက်တတ်ကြသည်။ ကန်တတ်ကြသည်။ ကြိမ်းမောင်း ဟိန်းဟောက်တတ်ကြသည်။ ချင်ဗုဒ္ဓဘာသာသည် မိမိကိုယ်တိုင် တွေ့ကြုံသိမြင်ရေးကို အလေးထားသည်။ ထို့ကြောင့် သဘောတရားရေး၊ ဝါဒရေးကို အလေးဂရုမပြုပေ။ ဝေါဟာရစကားလုံးများသည် သစ္စာတရားကို ဖော်ပြနိုင်စွမ်းရှိသည်ဟုလည်း ချင်ဗုဒ္ဓဘာသာဝင်တို့သည် မယုံကြည်ပေ။ ဘာသာဝေါဟာရတို့၏ ယင်းအခြေအနေကြောင့် သူတို့သည် အမှန်တရားကို ဖော်ထုတ်ရေးအတွက် များသောအားဖြင့် ဆန့်ကျင်ဘက်စကား၊ အဖြီးအမောက်မတည့်ဟု ထင်ရသည့်စကားများကို အသုံးပြုတတ်သည်။ ချင်ဆရာ အရှင်တစ်ဦးဖြစ်သည့် ဖုဒါယရှိ (၄၉၇–၅၆၁ အေဒီ) ၏ နာမည်ကျော်လင်္ကာတစ်ခုမှာ ဤသို့ဖြစ်သည်။

"ကျွန်ုပ်သည် လက်ချည်း သွားနေသည်။
ကြည့်ပါ၊ ကျွန်ုပ်၏လက်ထဲတွင် ပေါက်တူးပါလာသည်။
ကျွန်ုပ် ခြေကျင်သွားနေသည်။
သို့သော် နွားတစ်ကောင်၏ ကျောက်ကုန်းပေါ်ထိုင်၍ သွားသည်။
ကျွန်ုပ် တံတားပေါ်က ဖြတ်ကျော်သွားသည့်အခါ၌
ကြည့်ပါ၊ ရေသည် စီးဆင်းမနေပေ။
သို့သော် တံတားကမူ စီးဆင်းနေသည်"

ယင်းကဲ့သို့ အဖြီးအမောက်မတည့်ဟု ထင်ရသော စကားများသည် ချင်ဗုဒ္ဓဘာသာ စာပေထဲ၌ အများအပြားတွေ့ရသည်။ "လက်ခုပ်နှစ်ဖက်တီးလျှင် အသံမြည်သည်။ လက်ခုပ်တစ်ဖက်တည်းတီး၍ မြည်သောအသံ ကို နားထောင်ပါ" ဟူသော စကားမျိုးသည် ယင်းကဲ့သို့သော စကားမျိုး ဖြစ်ပေသည်။ ချင်ဗုဒ္ဓဘာသာ၌ ယင်းကဲ့သို့သာ ဆန့်ကျင်ဘက်စကား၊ အဖြီးအမောက် မတည့်သည့် စကားများကို အသုံးပြုခြင်းမှာ လူတို့၏ သာမန် ရိုးရိုး စူးစမ်းကြံဆမှုသည် လူ၏နက်နဲသော အဇ္ဈတ္တလိုအပ်ချက်ကို မဖြည့်တင်းနိုင်။ ယင်းအတွက် ဆန့်ကျင်ဘက် စကားမျိုး အဖြီးအမောက်မတည့်သည့် စကားမျိုး လိုအပ်၏ဟူသော အဓိပ္ပာယ်ကို သိရှိစေရန်အတွက် ဖြစ်ပေသည်။ လူတို့အား သူတို့ ရင်းနှီးနေသည့် လွဲမှားသော ယုံကြည်ချက်များကို ပယ်စွန့်စေရန် နှင့် ထူးခြားသည့် လှုံ့ဆော်မှုပေးရန်အတွက် ချင်ဆရာအရှင်တို့ သည် ယင်းကဲ့သို့သော ဆန့်ကျင်ဘက်စကား၊ အဖြီးအမောက် မတည့်ဟု ထင်ရသော စကားများကို အသုံးပြုကြလေသည်။

သစ္စာတရားသည် စကားဖြင့် ထုတ်ဖော်ပြောပြ၍ မရဟု ချင်ဗုဒ္ဓ ဘာသာဝင်တို့က အယူရှိကြသည်။ သစ္စာတရားကို 'ဟုတ်၏'၊ 'မဟုတ်၏' ဟူသော ဘောင်နှင့်ခတ်ထား၍ မရပေ။ သစ္စာသည် ယင်းဘောင်များ၏ အပြင်ဘက်ကဖြစ်သည်။ ချင်ဆရာအရှင်တစ်ဦးက ဤသို့ဆိုသည် "'ဤဟာမဟုတ်ဘူး' ဟု ကျွန်ုပ်ပြောသည့်အခါ၌ ယင်း၏အဓိပ္ပာယ်မှာ မဟုတ်ဟု ပြောဆိုခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းမဟုတ်ပေ။ ထိုနည်းတူစွာ 'ဤဟာ ဟုတ်၏' ဟု ကျွန်ုပ်ပြောသည့်အခါ၌ ဟုတ်၏ဟု ပြောဆိုခြင်း၊ သို့မဟုတ် ဝန်ခံခြင်းမဟုတ်ပေ။ အရှေ့ဘက်ကို မျက်နှာလှည့်ပြီး အရှေ့ဘက်တွင် အနောက်အရပ်ကိုကြည့်ပါ။ တောင်ဘက်ကို မျက်နှာလှည့်ပြီး ကြည့်ပါ။ တောင်ဘက်တွင် မြောက်ဝင်ရိုးစွန်းကို တွေ့မြင်ရလိမ့်မည်"

အခြား ချင်ဆရာအရှင်တစ်ဦးသည် သူ၏တပည့်များအား ရေအိုးတစ်လုံးကို ပြပြီး "ဤအရာကို ရေအိုးဟုမခေါ်နှင့်။ ငါ့ကို ပြောပြကြစမ်း။ ဤအရာ ဘာဖြစ်သနည်း" ဟု မေးလေသည်။ တပည့်တစ်ဦးက "ဤအရာကို သစ်သားဟုမခေါ်နိုင်ပါ" ဟု အဖြေပေးလေသည်။ ယင်းအဖြေကို ဆရာအရှင်က မကျေနပ်ပေ။ အခြားတပည့်တစ်ဦးကမူ ရေအိုးကို အောက်သို့ တွန်းချလိုက်ပြီး ဘာမှမပြောမဆိုဘဲ ထွက်သွားလေသည်။ ယင်းအဖြေသည် ချင်ဗုဒ္ဓဘာသာ၏အယူအဆနှင့် ကိုက်ညီပေသည်။ မိမိကိုယ်တွေ့တွေ့ကြုံသည့် အတွေ့အကြုံသည် အဘိဓမ္မာနည်းအရ ရှင်းလင်းပြောပြခြင်းကို နာယူခြင်းထက် ကြီးမြင့်သည်။ အသိပညာဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုကို အဓိကမထားဘဲ ပစ္စက္ခအတွေ့အကြုံကို ရအောင်လုပ်ခြင်းသည် ချင် ၏အနှစ်သာရ ဖြစ်သည်။ စကားလုံး သက်သက်ဖြင့် သစ္စာတရားကို နားလည်အောင် ကြိုးပမ်းအားထုတ်၍ မရပေ။ အတွေ့အကြုံသည် ချင်၏အစ ဖြစ်သည်။ အတွေ့အကြုံသည် ချင်၏အဆုံးလည်းဖြစ်သည်။ ယင်းအတွေ့အကြုံကို ဘ၀အတွင်းမှာသာ ရှာဖွေရသည်။ ဘ၀မှ ထွက်ပြေးတိမ်းရှောင်ပြီး ရှာဖို့မလိုပေ။

ချင်ဗုဒ္ဓဘာသာသည် တရုတ်ပြည်နှင့် ဂျပန်ပြည်တို့၌ ယနေ့ထက်တိုင် ထွန်းကားပြန့်ပွားနေသည်။ တရုတ်နှင့် ဂျပန်တို့၏ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေဖွံ့ဖြိုးတိုးတက်မှုများ၌ ချင်ဗုဒ္ဓဘာသာသည် အကူအညီအထောက်အပံ့များစွာ ပြုခဲ့လေသည်။ တရုတ်ပြည်၊ ဂျပန်ပြည်တို့၌ ချင်ဗုဒ္ဓဘာသာသည် ဘ၀နှင့် နီးစပ်သောကြောင့် လည်းကောင်း၊ လက်တွေ့ကို ဦးစားပေးသောကြောင့် လည်းကောင်း၊ ပညာရှင်များ၊ ဘုန်းကြီးရဟန်းများ၏ ဘာသာတရားမျှသာ မကဘဲ လယ်သမား၊ အလုပ်သမား၊ စစ်သားများ၏ ဘာသာတရားလည်း ဖြစ်နေပေသည်။ ယခုခေတ်အခါတွင်ကား ချင်ဗုဒ္ဓဘာသာသည် အနောက်နိုင်ငံသူ၊ နိုင်ငံသားတို့ အထူးစိတ်ပါဝင်စားသော ဘာသာတရားတစ်ခုလည်း ဖြစ်နေပေပြီ။ ယင်းကဲ့သို့ ကမ္ဘာပေါ်ရှိ လူဦးရေအတော်များများ စိတ်ပါဝင်စားသော ဗုဒ္ဓဘာသာကို မြန်မာလူမျိုးတို့နှင့် မိတ်ဆက်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ချင်ဗုဒ္ဓဘာသာကို တစေ့တစောင်း ကြည့်မြင်သုံးသပ်သည့် ဤ 'ချင်ဗုဒ္ဓဘာသာ' စာအုပ်ကို ရေးသား ပြုစုလိုက်ရခြင်း ဖြစ်ပေသည်။

ပါရဂူ
၂၃၊ ၁၀၊ ၇၄